# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၃)ရက်မြောက်နေ့အစီအစဉ်

## ၂၇-၈-၂၀၂၆ (ကြာသပတေးနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''တမူးမြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူရန် လျှောက်ထားသူများအား ကလေးမြို့ဘဏ်၌ ထုတ်ယူခွင့် ချထားမပေးဘဲ တမူးမြို့ဘဏ်သို့သာ ငွေထုတ်ခွင့်ချထားပေးရန်နှင့် ကလေးမြို့နှင့် တမူးမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ချိတ်ဆက်ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့၊ အ.ထ.ကကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ အစားထိုး RC (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန်နှင့် နန်းယွန်း အ.ထ.က ကျောင်းတွင် ခန်းမဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ဟုမ္မလင်းမြို့နယ်၊ နန်းစဖိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ပေ(၁၀၀ × ၃၀) တစ်ထပ်စာသင်ဆောင်(၁)ဆောင် အသစ်ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ခန္တီးမြို့၊ မြို့ပတ်လမ်း၊ ဇီးဖြူကုန်းရပ်ကွက်ရှိ ခတ်ပေါင်းစုစေတီအနီး ပြိုကျနေသော မြေစာများ ဖယ်ရှားခြင်း၊ ကမ်းပါးယံလမ်းချဲ့ခြင်း၊ မြေသားဖြတ်ချခြင်း၊ မြေထိန်းနံရံပြုလုပ်ပေးခြင်းနှင့် ခရိုင်ပညာရေးမှူးရုံးရှေ့ရှိ မြေပြိုနေသောနေရာကိုလည်း မြေထိန်းနံရံ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ ကုမာရာရာမ ကျောင်းတိုက်အတွင်းရှိ ယိုယွင်းပျက်စီးနေသော ပေ(၁၃၁၇)အရှည်ရှိ ကျောက်ခင်းလမ်းအား နိုင်လွန်ကတ္တရာလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ **စစ်ကိုင်းတိုင်းဒေသကြီး၊ ဓာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗွီဒီယိုရုံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်** စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။